# အပြည်ပြည်ဆိုင်ရာ ပိဋကသုံးပုံရွတ်ဖတ်ပူဇော်ရေးအဖွဲ့

တည်ထောင်ခုနှစ်----- ခရစ်-၂၀၀၆၊ သာသနာ-၂၅၅၀

ခရစ်-၂၀၀၆-ခုနှစ်၊ ၂၅၅၀ကြိမ်မြောက် ဗုဒ္ဓဇယန္တီ အခမ်းအနားတွင် သီရိလင်္ကာ၊ မြန်မာ၊အိန္ဒိယ၊ထိုင်း၊ ကမ္ဘောဒီယားနှင့် ဘင်္ဂလားဒေ့ရှ်နိုင်ငံတို့မှ ၂၅၀ သော ထေရဝါဒရဟန်းတော်များက မဟာဗောဓိပင်အောက်၌ ပိဋကသုံးပုံရွတ်ဖတ်ဖို့ စုဝေးခဲ့ကြပါသည်။ မြတ်ဗုဒ္ဓ၏ ဗောဓိဉာဏ်ရခဲ့သည့် နေရာမြတ်မဟာတွင် အပြည်ပြည်ဆိုင်ရာ ထေရဝါဒရဟန်းတော်များ စုပေါင်းကာ မြတ်ဗုဒ္ဓ၏စကားတော်များကို ရွတ်ဖတ်ပူဇော်ကြရာဝယ် ဤပွဲကြီးသည် နှစ်ပေါင်း(၇၀၀)အတွင်း ပထမဆုံးအကြိမ်အဖြစ် သမိုင်းမှတ်တိုင် စိုက်ထူနိုင်ခဲ့ပါသည်။

ဗုဒ္ဓဂယာတွင် ရှိကြသည့် ထေရဝါဒကျောင်းထိုင်ဆရာတော်များက ယခုအဖွဲ့အစည်းကို ကောင်စီ တစ်ရပ်အဖြစ် သတ်မှတ်ဖွဲ့စည်းခဲ့ကြပြီးအိန္ဒိယနိုင်ငံတွင် ဗုဒ္ဓသာသနာပြန်လည်စည်ပင်စေရေး၊ ယေဘုယျအားဖြင့် ထေရဝါဒဗုဒ္ဓသာသနာတော် တိုးတက်ကျယ်ပြန့်လာစေရေးနှင့် ကမ္ဘာကြီးတစ်ခုလုံး ငြိမ်းချမ်းစေရေးဟူသော ရည်ရွယ်ချက်များစွာဖြင့် ပိဋကသုံးပုံရွက်ဖတ်ပူဇော်ပွဲကို နှစ်စဉ်ကျင်းပသွားရန် အားလုံး သဘောတူခဲ့ကြပါသည်။

ယခုတဖန် အပြည်ပြည်ဆိုင်ရာပိဋကသုံးပုံရွတ်ဖတ်ပူဇော်ရေးအဖွဲ့အနေဖြင့် လာမည့် ၂၀၁၀-ခုနှစ်၊ ဒီဇင်ဘာလ ၄-ရက်နေ့မှသည် ၁၄-ရက်နေ့အထိ ပိဋကသုံးပုံရွတ်ဖတ်ပူဇော်ပွဲကို ကျင်းပသွားမည် ဖြစ်ပါသည်။ အားလုံးသော သူတော်စင်အပေါင်းတို့သည် ဤရွတ်ဖတ်ပူဇော်ပွဲမှ ကုသိုလ်အမျှကိုရယူနိုင်ကြပါစေသတည်း။

## လုပ်ငန်းတာဝန်

အပြည်ပြည်ဆိုင်ရာ ပိဋကသုံးပုံရွတ်ဖတ်ပူဇော်ရေးအဖွဲ့

ခရစ်-၂၀၀၈-ခု၊ မေလတွင် ပေါ်ပေါက်လာခဲ့သည့် ဖွဲ့စည်းပုံအခြေခံဥပဒေအရ အဖွဲ့ကြီး၏ လုပ်ငန်းတာဝန်များမှာ..

မြတ်ဗုဒ္ဓ ဗောဓိဉာဏ်ကိုရတော်မူခဲ့သည့် ဗုဒ္ဓဂယာ မြေမြတ်မဟာတွင် ပါဠိပိဋကတ်ဟု ထင်ရှားသည့် မြတ်ဗုဒ္ဓ၏ ကျမ်းစာမြတ်များကို နှစ်စဉ်ရွတ်ဖတ်ပူဇော်ပွဲ ဖြစ်မြောက်ရန်နှင့် ထောက်ပံ့အားပေးရန်၊

နစ်စဉ် ပိဋကသုံးပုံရွတ်ဖတ်ပူဇော်ပွဲတွင် ထေရဝါဒသံဃာတော်များအားစုစည်းရန်နှင့် အနယ်နယ်အရပ်ရပ်မှ အလှူရှင်များ၊ ထောက်ပံ့အားပေးသူများကို ရှာဖွေရန်၊

အရိယာနယ်တခွင်လုံး မြတ်ဗုဒ္ဓ၏ မူရင်းတရားတော်များ ပြန့်ပွားစေရန်နှင့် ကမ္ဘာအရပ်ရပ်မှ သူတော်ကောင်းအပေါင်းတို့အတွက် ကုသိုလ်ကောင်းမှု ပြုပ်နှံနိုင်ရန်၊

မြတ်ဗုဒ္ဓ၏ အဆုံးအမတရားတော်များဖြင့် လူသားအားလုံး ညီညွတ်ပြီး ငြိမ်းချမ်းမှုကို ဖော်ဆောင်နိုင်ရန်၊

အနယ်နယ်အရပ်ရပ်မှ ထေရဝါဒသံဃာတော်အချင်းချင်း ညီညီညွတ်ညွတ် အတူတကွ လုပ်ဆောင်ချက်များ၊ စိတ်သဘောထားများ တိုးတက်လာစေရန်၊

ကမ္ဘာတစ်လွှား အမျိုးသား အမျိုးသမီးများ လက်တွဲညီစွာ ကုသိုလ်ကောင်းမှုပြုလုပ်ခြင်းဖြင့် လူသားအားလုံး အပြန်အလှန်လေးစားမှု မြင့်မားလာစေရန်၊

ကျန်းမာရေး ၊ပညာရေးနှင့် တစ်ပါးသူတို့၏ အခြေခံလိုအပ်ချက်များကို ထောက်ပံ့ခြင်းဖြင့် လူမှုဖွံ့ဖြိုးရေး တိုးတက်မြင့်မားလာစေရန်၊

အပြည်ပြည်ဆိုင်ရာပိဋကသုံးပုံရွတ်ဖတ်ပူဇော်ရေးအဖွဲ့ကဲ့သို့သော ရည်ရွယ်ချက်တူ အသင်းအဖွဲ့များ၊ စာသင်ကျောင်းများ၊ ပရဟိတကျောင်းများနှင့် ဘုန်းကြီးကျောင်းများ၏ လုပ်ငန်းဆောင်တာများတွင် ပူးပေါင်းဆောင်ရွက်ခြင်း၊ ထောက်ပံ့ခြင်းများ ပြုလုပ်ရန်၊

ဗုဒ္ဓဘာသာအခြေခံသဘောတရားများ ဖြန့်ဖြူးရေးနှင့် သာသနာတော်ပြန့်ပွားရေးအတွက် တစ်ပါးသူတို့၏ လိုအပ်ချက်ကို ဖြည့်ဆည်းပေးခြင်း၊ ကျမ်းစာများကို ထုတ်ဝေခြင်းများ ပြုလုပ်ရန်၊

အိန္ဒိယဥပဒေနှင့်အညီ အဖွဲ့အစည်းကို တည်ထောင်ဖွဲ့စည်းခဲ့ပါသည်။

## အဖွဲ့ဝင်များ

အဖွဲ့ကြီးကို ထေရဝါဒနိုင်ငံများမှ ဗုဒ္ဓဂယာ မြေမြတ်မဟာတွင် ကျောင်းတိုက်ရှိသော သံဃာတော်များ (သာမန်အဖွဲ့ဝင်)၊ ကျောင်းတိုက်မရှိသော သံဃာတော်များ(အထူးအဖွဲ့ဝင်)ဖြင့် ဖွဲ့စည်းခဲ့ပါသည်။ လက်ရှိအဖွဲ့ဝင်စာရင်းမှာ---

### ဥက္ကဋ္ဌ

ဘဒ္ဒန္တ ဉာဏိန္ဒ၊ မြန်မာကျောင်းဆရာတော်၊ ဗုဒ္ဓဂယာ။

### ဒု-ဥက္ကဋ္ဌ

ဘဒ္ဒန္တ ဆလန် စန္ဒာသီရိ၊ အတွင်းရေးမှူး၊ ဝတ်ထိုင်း၊ ဗုဒ္ဓဂယာ။

## အဖွဲ့ဝင်

ဘဒ္ဒန္တ စန္ဒနန္ဒမဟာထေရ်၊ ကျောင်းထိုင်ဆရာတော်၊ အိန္ဒိယနိုင်ငံလုံးဆိုင်ရာ သံဃာ့အဖွဲ့

ဘဒ္ဒန္တ ဒေါက်တာ ဂျရန်း၊ ဝတ်ထိုင်း မဂဓ ဝိပဿနာစင်တာ။

ဘဒ္ဒန္တ သုန္ဒရ၊ မြေမြတ်မဟာကျောင်း။

ဘဒ္ဒန္တ ဒေါက်တာ ကလျာဏပိယ ထေရ်။ ဘင်္ဂလားဒေ့ရ်ကျောင်း၊ ဗုဒ္ဓဂယာ။

ဘဒ္ဒန္တ ပိုးယုမေတ္တာ။ ကမ္ဘောဒီယား ကျောင်း၊ ဗုဒ္ဓဂယာ။

ဘဒ္ဒန္တ ဥတ္တာ၊ လာအိုသံဃာ့ ကိုယ်စားလှယ်၊ ဗုဒ္ဓဂယာ။

ဝေါင်မို ဂဲလက်၊ အိန္ဒိယ-ဗုဒ္ဓဓမ္မအလင်းရောင်အဖွဲ့လူကြီး။

ဘဒ္ဒန္တ အနုရုဒ္ဓါ၊ ရှိုင်ရယ်ဝတ်ထိုင်း၊ ဗုဒ္ဓဂယာ။

ဘဒ္ဒန္တ အာနန္ဒ၊ ဗုဒ္ဓလူမှုအဖွဲ့အစည်း။

မစ္စတာ ရာဇီဝ ရှားမား၊ တရားရုံးရှေ့နေ။

<u>အပြည်ပြည်ဆိုင်ရာ ပိဋကသုံးပုံရွတ်ဖတ်ပူဇော်ရေးအဖွဲ့၏ ဖွဲ့စည်းပုံအခြေခံ စည်းမျဉ်း</u>

အဖွဲ့ကြီး၏နာမည်ကို နောက်ဆုံးမှာ ကောင်စီ တစ်လုံးထည့်ပြီး `အပြည်ပြည်ဆိုင်ရာ တိပိဋက ဘာဏက ကောင်စီ´ ဟု အမည်ပေးသည်။

## ၁။ ဦးတည်ချက်နှင့် ရည်မှန်းချက်

မြတ်ဗုဒ္ဓ ဗောဓိဉာဏ်ကိုရတော်မူခဲ့သည့် ဗုဒ္ဓဂယာ မြေမြတ်မဟာတွင် ပါဠိပိဋကတ်ဟု ထင်ရှားသည့် မြတ်ဗုဒ္ဓ၏ ကျမ်းစာမြတ်များကို နှစ်စဉ်ရွတ်ဖတ်ပူဇော်ပွဲ ဖြစ်မြောက်ရန်နှင့် ထောက်ပံ့အားပေးရန်၊

နှစ်စဉ် ပိဋကသုံးပုံရွတ်ဖတ်ပူဇော်ပွဲတွင် ထေရဝါဒသံဃာတော်များအားစုစည်းရန်နှင့် အနယ်နယ်အရပ်ရပ်မှ အလှူရှင်များ၊ ထောက်ပံ့အားပေးသူများကို ရှာဖွေရန်၊

အရိယာနယ်တခွင်လုံး မြတ်ဗုဒ္ဓ၏ မူရင်းတရားတော်များ ပြန့်ပွားစေရန်နှင့် ကမ္ဘာအရပ်ရပ်မှ သူတော်ကောင်းအပေါင်းတို့အတွက် ကုသိုလ်ကောင်းမှု ပြုပ်နှံနိုင်ရန်၊

မြတ်ဗုဒ္ဓ၏ အဆုံးအမတရားတော်များဖြင့် လူသားအားလုံး ညီညွတ်ပြီး ငြိမ်းချမ်းမှုကို ဖော်ဆောင်နိုင်ရန်၊

အနယ်နယ်အရပ်ရပ်မှ ထေရဝါဒသံဃာတော်အချင်းချင်း ညီညီညွတ်ညွတ် အတူတကွ လုပ်ဆောင်ချက်များ၊ စိတ်သဘောထားများ တိုးတက်လာစေရန်၊

ကမ္ဘာတစ်လွှား အမျိုးသား အမျိုးသမီးများ လက်တွဲညီစွာ ကုသိုလ်ကောင်းမှုပြုလုပ်ခြင်းဖြင့် လူသားအားလုံး အပြန်အလှန်လေးစားမှု မြင့်မားလာစေရန်၊

ကျန်းမာရေး ၊ပညာရေးနှင့် တစ်ပါးသူတို့၏ အခြေခံလိုအပ်ချက်များကို ထောက်ပံ့ခြင်းဖြင့် လူမှုဖွံ့ဖြိုးရေး တိုးတက်မြင့်မားလာစေရန်၊

အပြည်ပြည်ဆိုင်ရာပိဋကသုံးပုံရွတ်ဖတ်ပူဇော်ရေးအဖွဲ့ကဲ့သို့သော ရည်ရွယ်ချက်တူ အသင်းအဖွဲ့များ၊ စာသင်ကျောင်းများ၊ ပရဟိတကျောင်းများနှင့် ဘုန်းကြီးကျောင်းများ၏ လုပ်ငန်းဆောင်တာများတွင် ပူးပေါင်းဆောင်ရွက်ခြင်း၊ ထောက်ပံ့ခြင်းများ ပြုလုပ်ရန်၊

ဗုဒ္ဓဘာသာအခြေခံသဘောတရားများ ဖြန့်ဖြူးရေးနှင့် သာသနာတော်ပြန့်ပွားရေးအတွက် တစ်ပါးသူတို့၏ လိုအပ်ချက်ကို ဖြည့်ဆည်းပေးခြင်း၊ ကျမ်းစာများကို ထုတ်ဝေခြင်းများ ပြုလုပ်ရန် တို့ဖြစ်ပါသည်။

## ၂။ လုပ်ပိုင်ခွင့် (အခွင့်အာဏာများ)

အိန္ဒိယနိုင်ငံတွင် တည်ရှိသည့်  နေထိုင်လုပ်ဆောင်နိုင်သည့် မြေ၊ အဆောက်အဦနှင့် အမွေဆက်ခံပစ္စည်းများကို ဝယ်ယူ၍ ဖြစ်စေ၊ ငှါးရမ်း၍ ဖြစ်စေ သို့တည်းမဟုတ် လှဲလှယ်၍ ဖြစ်စေ ရယူပိုင်ဆိုင်ရန်၊ အိန္ဒိယနိုင်ငံအတွင်းရှိ မည်သည့် မြေဧရိယာကို မဆို နှင့် ယင်းသို့သောမြေ၊ အဆောက်အဦ၊ အမွေဆက်ခံပစ္စည်းနှင့် ဆက်နွယ်ပတ်သက်သမျှသော မည်သည့်အခွင့်အရေးကို မဆို ရယူပိုင်ဆိုင်ရန် နှင့်၊ တိုးမြှင့်ဆောက်လုပ်ခွင့်၊ ထိန်းသိမ်းစောင့်ရှောက်ခွင့်များ ရယူရန်။

မည်သည့် သဘာဝအားဖြင့်မဆို   ပိုင်ဆိုင်မှုမှန်သမျှကို   ဝယ်ယူရန် သို့မဟုတ် ရယူပိုင်ဆိုင်ရန်၊ လှဲလှယ်ရန်၊ ၊ လွှဲပြောင်းပေးအပ်ရန်၊ ငှါးရမ်းရန်၊ လျော်ကြေးပေးရန်၊ အခငွေကြေးသတ်မှတ်ရန် သို့မဟုတ် ဖြေရှင်းရန်နှင့် စီမံခန့်ခွဲရန်။

သင့်လျော်လျောက်ပတ်သည်ဟု ထင်မြင်ရလျှင်  ငွေကြေး ချေးငှါးရန်၊ ကောက်ခံရန်၊

ငွေကြေးပေးရန်အတွက် ပေါင်နှံရန်နှင့် မည်သည့်နည်းလမ်းအားဖြင့်ဖြစ်စေ ကောင်စီမှ ဝင်ရောက်ဆောင်ရွက်ရမည့် မည်သည့်ကြွေးမြီ၊ မည်သည့်စာချုပ်၊ မည်သည့်အာမခံချက် သို့မဟုတ် မည်သည့်ကိစ္စမျိုးအတွက်မဆို ပြန်လည်ပေးဆပ်ရန်အတွက် ပေါင်နှံသုံးစွဲရန်။

ငွေကြေးကတိကဝတ်စာတမ်းများ၊ ငွေကြေးစာချွန်လွှာများနှင့် အခြား စေ့စပ်ညှိနှိုင်းနိုင်သော သို့မဟုတ် လွှဲပြောင်းပေးအပ်နိုင်သော အရာများကို ရေးဆွဲရန်၊ပြုလုပ်ရန်၊ လက်ခံရန်၊ အတည်ပြုရန်၊ ပယ်ဖျက်ရန်၊ လိုက်နာရန်နှင့် ထုတ်ပြန်ရန်။

ကောင်စီ၏ ဦးတည်ချက်၊ရည်ရွယ်ချက်များနှင့် သင့်လျော်လျောက်ပတ်သည်ဟု ယူဆရလျှင် ဒေသခံ သို့မဟုတ် အခြား မည်သည့်အစိုးရ သို့မဟုတ် မည်သည့်အာဏာပိုင်အဖွဲ့အစည်းနှင့် ဖြစ်စေ မည်သည့် စီမံမှုမျိုးမဆို ပါဝင်နိုင်ရန်နှင့် ယင်းအစိုးရ သို့မဟုတ် ယင်းအာဏာပိုင်အဖွဲ့ထံမှ လိုအပ်သည်ဟုထင်မြင်ရသော မည်သို့သော အခွင့်အရေး၊ အခွင့်အလမ်းအခွင့်အာဏာများကို ရယူရန်၊ ယင်းသို့သော အခွင့်အရေး၊ အခွင့်အလမ်း၊ အခွင့်အာဏာများကို ရယူရန်၊ ဆောင်ရွက်ရန်၊ အသုံးပြုရန်၊လိုက်နာရန်။

သင့်လျော်လျောက်ပတ်မှုရှိသည်ဟု ထင်ရလျှင် ငွေကြေးနှင့် ပတ်သက်၍ အချိန်နှင့် တပြေးညီ ရင်းနှီးမြှုပ်နှံနိုင်ရန်နှင့် ကိုင်တွယ်ဖြေရှင်းရန် ။

ဂေါပကအဖွဲ့အတွက် သို့မဟုတ် ဂေါပကအဖွဲ့ကဲ့သို့ ဆောင်ရွက်ရန်နှင့် ကောင်စီ၏ အကျိုးစီးပွားအတွက် တည်ထောင်နိုင်သည့် မည်သည့်ဂေါပကအဖွဲ့မှ ဖြစ်စေ၊ ငွေကြေးရံပုံငွေအဖွဲ့မှ ဖြစ်စေ ဖြစ်ပေါ်လာသော မည်သည့် ပြဿနာရပ်မျိုးနှင့် မဆို ပတ်သက်ဆက်နွယ်သော မည်သည့် ဥပဒေ၊ သို့တည်းမဟုတ် မည်သည့် အရာကိုမဆို ဆောင်ရွက်နိုင်ရန်။

သို့မဟုတ် မည်သည့်ဂေါပကအဖွဲ့မှ ဖြစ်စေ အကျိုးကျေးဇူးများသည့် ရထူးဌာန္တရတစ်ခုရှိလာခဲ့သော် လက်ခံရန်နှင့် ထိုရာထူးဌာန္တရမှ ဖြစ်ပေါ်လာသော မည်သည့်အကျိုးကျေးဇူးကို မဆို လက်ခံရန်။

ကောင်စီ၏ ဦးတည်ချက်၊ ရည်ရွယ်ချက်များတိုးမြှင့်လုပ်ဆောင်ရေးနှင့် ယင်းကဲ့သို့သဘောရှိသော လုပ်ငန်းများကို ဆောင်ရွက်နိုင်ရေးအတွက် ပုဂ္ဂလိက သို့မဟုတ် အခြားတရားဝင် အဖွဲ့များနှင့် စာချုပ်စာတမ်းဖြင့် လုပ်ကိုင်ရန်။

ကောင်စီအတွက် အလုပ်လုပ်ရန် လခ၊လုပ်ခ၊ အခကြေးငွေဖြင့် သို့မဟုတ် စေတနာ့ဝန်းထမ်းလုပ်အားပေးသဘောဖြင့် မည်သည့်ရာထူးဌာန္တရအတွက်ဖြစ်စေ မည်သည့်ပုဂ္ဂိုလ်ကို မဆို စာချုပ်ဖြင့် ခန့်ထားရန်နှင့် ထိုခန့်အပ်ခံရသည့်ပုဂ္ဂိုလ်အား လိုအပ်လျှင် လုပ်ပိုင်ခွင့်အာဏာနှင့် တာဝန်နှင်းအပ်ရန်။

ကောင်စီ၏ ဦးတည်ချက်နှင့် ရည်ရွယ်ချက်များ ပြီးမြောက်အောင်မြင်ရစေရန် လိုအပ်ချက်အားလျော်စွာ သို့မဟုတ် အဆင်ပြေသည့်အတိုင်း အခြားဥပဒေတစ်ခုခုကို ဆောင်ရွက်နိုင်စေရန် သို့မဟုတ် ကောင်စီ၏ မည်သည့်အခွင့်အာဏာမဆို အကောင်အထည်ဖော်ခြင်းကို လွယ်ကူချောမွေ့စွာ ဆောင်ရွက်ရန်။

သီးခြားကိုယ်ပိုင်တရားဝင်အဖွဲ့အစည်းတစ်ရပ်အဖြစ် ဘက်ပေါင်းစုံ ဆောင်ရွက်ရန်။

## ၃။ တာဝန်ဝတ္တရား

အဖွဲ့ကြီးအနေဖြင့် တိုက်ရိုက်ဖြစ်စေ.. သွယ်ဝိုက်သောအားဖြင့်ဖြစ်စေ တရားဝင်ခွင့်ပြုထားခြင်းမရှိဘဲ မိမိတို့၏ သဘောဆန္ဒအလျောက် ကျူးလွန်မိကြသော အဖွဲ့ဝင်များ၊ အလုပ်သမားများ၊ ကန်ထရိုက်တာများ၏ လုပ်ရပ်များအတွက် တာဝန်ယူမည် မဟုတ်ပါ။

## ၄။ အဖွဲ့ဝင်များနှင့် အစဉီးဆုံးအဖွဲ့ဝင်များ၏ အရည်အချင်း

ဗုဒ္ဓဂယာမှာရှိသည့် ကျောင်းတစ်ကျောင်းကျောင်းကို ထေရဝါဒထုံးစံအတိုင်း ပိုင်ဆိုင်ထားသည့် မည်သည့်နိုင်ငံမှ ကိုယ်စားလှယ်ကိုမဆို (သာမန်အဖွဲ့ဝင်)၊ အရေးပါအရာရောက်သော ထေရဝါဒရဟန်းတော်များ နိုင်ငံသားအဖြစ်တည်ရှိနေသည့် အခြားမည်သည့်နိုင်ငံမှ ကိုယ်စားလှယ်ကိုမဆို(အထူးအဖွဲ့ဝင်) အဖွဲ့ကြီး၏အဖွဲ့ဝင်အဖြစ် လက်ကမ်းကြိုဆိုပါသည်။ ထို့နောက် သာမန်အဖွဲ့ဝင်နှင့် အထူးအဖွဲ့ဝင်များကို တစ်စုတစ်စည်းတည်း အဖွဲ့ဝင်အဖြစ် ဤစာမှာ ရည်ညွှန်းပါသည်။

အဖွဲ့ကြီးက သီရိလင်္ကာနှင့် အပြည်ပြည်ဆိုင်ရာ ဗုဒ္ဓဓမ္မအလင်းရောင်ဖောင်ဒေးရှင်းအဖွဲ့မှ ကိုယ်စားလှယ်တစ်ဦးစီကိုလည်း အထူးအဖွဲ့ဝင်အဖြစ် ဖိတ်ခေါ်ပါမည်။

အဖွဲ့ကြီး၏အစဉီးဆုံးအဖွဲ့ဝင်အဖြစ် ဖွဲ့စည်းထားသော အဖွဲ့ဝင်စာရင်းသည် ဤအခြေခံဥပဒေအတွက် သဘောတူလက်မှတ်ရေးထိုးထားသော စာရင်းဖြစ်ပါသည်။

အဖွဲ့ကြီး၏ အဖွဲ့ဝင်ဖြစ်ရန်အတွက် အခြားလျှောက်ထားလာသူများကို အဖွဲ့ဝင်လျှောက်လွှာကို စိစစ်ပြီးနောက် အဖွဲ့ကြီး၏အများစုထံမှ ထောက်ခံချက်ရပြီးမှသာလျှင် အဖွဲ့ဝင်အဖြစ် လက်ခံပါမည်။

အဖွဲ့ဝင်အသီးသီးကို ၄င်းတို့ကိုယ်စား မဲဆန္ဒခံယူဖို့နှင့် အစည်းအဝေးတက်ဖို့ အင်္ဂလိပ်စကားကိုသော်လည်းကောင်း ဟိန္ဒူစကားကိုသော်လည်းကောင်း ကျွမ်းကျင်စွာပြောဆိုတတ်သော အရည်အသွေးမီ ကိုယ်စားလှယ်တစ်ယောက်ကို ခန့်အပ်ဖို့ ခွင့်ပြုပါမည်။

မှတ်ပုံတင်ထားသော အဖွဲ့ဝင်တစ်ယောက်နှင့် ၄င်းတို့၏သတ်မှတ်ထားသော ကိုယ်စားလှယ်များကို အမည်၊ နေရပ်လိပ်စာ၊အီးမေးလ်၊ တယ်လီဖုံးနံပါတ်တို့နှင့်အတူ အဖွဲ့ကြီး၏ ဒုတိယဥက္ကဋ္ဌက သိမ်းဆည်းထားမည်ဖြစ်ပါသည်။

## ၅။ မဲဆန္ဒခံယူခြင်း လူဦးရေ နှင့် အစည်းအဝေးလုပ်ဆောင်မှု

မဲဆန္ဒအခွင့်အရေးများကို အသုံးချရာတွင် ဗုဒ္ဓတရားတော်၊ဗုဒ္ဓဘာသာသာရိုးရာ၊ အကျင့်စရဏအမြင်တို့နှင့် အညီ ဆောင်ရွက်ရမည်ဖြစ်ရာ အဖွဲ့ကြီး၏ဆုံးဖြတ်ချက်အားလုံးကို သာမန်အဖွဲ့ဝင်အများစုဖြင့် ဆုံးဖြတ်ပါမည်။

သာမန်အဖွဲ့ဝင်များနှင့် အထူးအဖွဲ့ဝင်များမှာ အသီးအသီးအနေဖြင့် အတူတူမဲထည့်ပိုင်ခွင့် ရှိသည်။

အထူးအဖွဲ့ဝင်များကို အီးမေးဖြင့်အကြောင်းကြားပြီး အဖွဲ့ဝင်အားလုံးအတွက် ကြေငြာချက်ထုတ်ပြန်ကာ  အစည်းအဝေးကို အနည်းဆုံး(၇)ရက်ကြိုတင်ခေါ်ရမည်။

အစည်းအဝေးဖြစ်မြောက်ရန်အတွက် အနည်းဆုံးလူဦးရေသည် အဖွဲ့ကြီး၏ အဖွဲ့ဝင်(၅၀)ရာခိုင်နှုန်း ပါရှိရမည်။

အထူးအဖွဲ့ဝင်များသည် ဆက်သွယ်ရေး သို့မဟုတ် ဗွီဒီယို သို့မဟုတ် လျှပ်စစ်နည်းစံနစ်များဖြင့် အစည်းအဝေးပွဲကို ပါဝင်ခွင့်ရှိသည်။ ထိုသူများကို အစည်းအဝေးပွဲတွင်၄င်းတို့၏ လုပ်ဆောင်ချက်များ နှင့် ရည်ရွယ်ချက်များအတွက်အသိအမှတ်ပြုမည်ဖြစ်သည်။

## ၆။ ဝန်ဆောင်ခအတွက် ပေးငွေ

ငွေကြေး သို့မဟုတ် ငွေကြေးနှင့်ထိုက်တန်သောအရာများနှင့်ပတ်သက်၍ အဖွဲ့ကြီးအနေဖြင့် ဝန်ဆောင်ခ သို့မဟုတ် တခြားခံစားခွင့်တို့ကို အိတ်စိုက်ထားသည့် ပြန်ပေးရမည့်ငွေမှတပါး မည်သည့်အဖွဲ့ဝင်ကိုမျှ ပေးအပ်မည် မဟုတ်။

## ၇။ အဖွဲ့ကြီး၏ ဥက္ကဋ္ဌနှင့် ဒု-ဥက္ကဋ္ဌ

ဥက္ကဋ္ဌနှင့် ဒု-ဥက္ကဋ္ဌကို အဖွဲ့ကြီးထဲမှ မဲအများစုဖြင့် သုံးနှစ်တစ်ကြိမ် ရွေးချယ်မည် ဖြစ်ပါသည်။

ဥက္ကဋ္ဌနှင့် ဒု-ဥက္ကဋ္ဌသည် အဖွဲ့ကြီး၏ သာမန်အဖွဲ့ဝင်များ ဖြစ်ကြရမည်။

ဥက္ကဋ္ဌသည် ကောင်စီအစည်းအဝေးပွဲများ၏ သဘာပတိ အဖြစ်ဖြင့် ဆောင်ရွက်ရမည်။

အကယ်၍ မဲအရေအတွက် တူနေခဲ့သော် ဥက္ကဋ္ဌသည် ဒုတိယအကြိမ်မြောက် ဥက္ကဋ္ဌဖြစ်ပိုင်ခွင့်ရှိသည်။ သို့မဟုတ် မဲ ပြန်ရွေးပိုင်ခွင့်ရှိသည်။

ဒု-ဥက္ကဋ္ဌသည် အစည်းအဝေးကို နိုးဆော်သူအဖြစ် ဆောင်ရွက်ရမည်။

ဒု-ဥက္ကဋ္ဌသည်-

၁။ မည်သည့်အစည်းအဝေးပွဲအတွက်မဆို အစည်းအဝေးပွဲအစီအစဉ်ကို ပြင်ဆင်ရမည်။

၂။ အစည်းအဝေးပွဲမတိုင်မီ သတ်မှတ်ထားသည့်အချိန်အတွင်း အစည်းအဝေးပွဲအစီစဉ်များကို အဖွဲ့ဝင်အားလုံးထံ အရောက်ပို့ပေးရမည်။

၃။ မျက်မှောက်အစည်းအဝေးပွဲ၏ မှတ်တမ်းများကို အဖွဲ့ဝင်အားလုံးထံ ဖြန့်ဝေပေးရမည်။

၄။ အစည်းအဝေးအားလုံး၏ မှတ်တမ်းစာအုပ်များကို သိမ်းဆည်းထားရမည်။

၅။ ရှေးယခင်အစည်းအဝေးပွဲမှ မှတ်တမ်းများကို မည်သည့်အစည်းအဝေးပွဲအသစ်၏ မှတ်ချက်တွင်မဆို အောက်ပါဆွေးနွေးချက်တို့ကို သက်သေမှတ်တမ်းတစ်ခုအနေဖြင့် လက်မှတ်ထိုးပေးရန် ဥက္ကဋ္ဌကို လျှောက်ထားရမည်။

၆။ ဒု-ဥက္ကဋ္ဌသည် ၄င်း၏ အလုပ်များကို ကူညီရန် လျို့ဝှက်လက်ထောက်တစ်ယောက် ခန့်အပ်နိုင်ပါသည်။

၇။ မည်သည့်အဖွဲ့ဝင်မဆို အဖွဲ့ကြီး၏အစည်းအဝေးကိုခေါ်ရန် ဒု-ဥက္ကဋ္ဌထံ နှစ်ပတ်အတွင်း စာရေးတောင်းဆိုနိုင်ပြီး၊ ယင်းအစည်းအဝေးအစီအစဉ်ပေါ်တွင် တိကျသေချာသည့် မည်သည့်အချက်အတွက်မဆို ဆွေးနွေးမှုကို တောင်းဆိုနိုင်သည်။

## ၈. အဖွဲ့ဝင်များ၏ တာဝန်

အဖွဲ့ဝင်များသည် အဖွဲ့ကြီး၏ အကြွေးများ၊ တာဝန်များ၊ကုန်ကျမှုစရိတ်များနှင့်ပတ်သက်ပြီး ငွေကြေးထည့်ဝင်ရန် တာဝန်မရှိစေရ။

## ၉. နိုးဆော်ရေးကော်မတီ

နှစ်စဉ် တိပိဋကရွတ်ဖတ်ပွဲကို အဖွဲ့ကြီးက ကျင်းပသည့်အနေဖြင့် ဖော်ပြသည်ကိုထောက်၍ အဖွဲ့ကြီးက နိုးဆော်ရေးကော်မတီတစ်ခုကို ဤလုပ်ငန်းတွင်အကူဖြစ်စေရန် အများဆုံး ၂-နှစ် ခန့်အပ်သွားမည် ဖြစ်ပါသည်။

နိုးဆော်ရေးကော်မတီအဖွဲ့ဝင်အများစုကို အလှည့်ကျကိုယ်စားလှယ်နိုင်ငံများမှ ရွေးချယ်သွားပါမည်။

သံသယကင်းရှင်းရန်အတွက် နိုးဆော်ရေးကော်မတီသည် ကောင်စီအဖွဲ့ဝင် မဖြစ်စေရပါ။

အဖွဲ့ကြီးသည် အခန်းအနားပြင်ဆင်ရေးတွင်ကူညီရန်အတွက် အထွေထွေလက်ထောက်အကူတစ်ယောက်ကို တိုက်ရိုက် ခန့်အပ်နိုင်ပါသည်။

## ၁၀. နှစ်စဉ် တိပိဋက ရွတ်ဖတ်ပူဇော်ပွဲနှင့်ပတ်သက်၍ အဖွဲ့ကြီးနှင့် နိုးဆော်ရေးကော်မတီတို့၏ အခွင့်အာဏာနှင့် လုပ်ငန်းတာဝန်။

အဖွဲ့ကြီးသည် နှစ်စဉ်တိပိဋက ရွတ်ဖတ်ပူဇော်ပွဲအခမ်းအနား၏ အောက်ပါအချက်အလက်များအတွက် တိုက်ရိုက် တာဝန်ရှိပါသည်။

၁။ အခမ်းအနားမှာ ရွတ်ဖတ်မည့် ကျမ်းစာကို ရွေးချယ်ခြင်း။

၂။ အခမ်းအနားအတွက် ထောက်ပံ့လှူဒါန်းသူများနှင့် ညှိနှိုင်းဆောင်ရွက်ခြင်း၊ အတည်ပြုပေးခြင်း။

၃။ အခမ်းအနားအတွက် သတင်းပြန်ကြားပေးဖို့ အတည်ပြုပေးခြင်း။

၄။ အခမ်းအနားဖွင့်ပွဲ၊ပိတ်ပွဲဆောင်ရွက်ခြင်း

၅။ ရွတ်ဖတ်ပူဇော်ပွဲအခမ်းအနားနေရာစီစဉ်ခြင်း

နိုးဆော်ရေးကော်မတီသည်နှစ်စဉ်ရွတ်ဖတ်ပူဇော်ပွဲအခမ်းအနားကို ကန့်သတ်ချက်မရှိ နိုးဆော်ရန်အတွက် တာဝန်ရှိသည်။

၁။ တိပိဋကရွတ်ဖတ်ပူဇော်ပွဲအခန်းအနားသို့ တက်ရောက်လာကြသော ရဟန်းတော်များအတွက် အစားအသောက်နှင့် နေရာထိုင်ခင်း ထောက်ပံ့တာဝန်ယူခြင်းနှင့်၊ လိုအပ်သည့်ခရီးသွားလာမှုများတွင် ကူညီဆောင်ရွက်ပေးခြင်း။

၂။ နှစ်စဉ်ပိဋကတ်ရွတ်ဖတ်ပူဇော်ပွဲအခမ်းအနားမှတ်တမ်းများကို ဟိန္ဒူဘာသာ၊ အင်္ဂလိပ်ဘာသာ ၂- ဘာသာဖြင့် ပုံနှိပ်ထုတ်ဝေခြင်း။

၃။ နှစ်စဉ်ပိဋကတ်ရွတ်ဖတ်ပူဇော်ပွဲ အခမ်းအနားဖွင့်ပွဲအစီအစဉ်ကို သဘောတူဆောင်ရွက်ပေးခြင်း။

၄။ နှစ်စဉ်ပိဋကတ်ရွတ်ဖတ်ပူဇော်ပွဲအခမ်းအနားဖွင့်ပွဲနေ့အတွက် အထူးဧည့်သည်များကို နိုးဆောင်ပင့်ဆောင်ပေးခြင်း။

၅။ နှစ်စဉ်ပိဋကတ်ရွတ်ဖတ်ပူဇော်ပွဲအခမ်းအနားအတွက် (၁၀)ရက်စာ ရွတ်ဖတ်မည့်ကျမ်းစာကို ရွေးချယ်ခြင်းနှင့် နိုးဆော်ခြင်း။

၆။ နှစ်စဉ်ပိဋကတ်ရွတ်ဖတ်ပူဇော်ပွဲအခမ်းအနားသို့ကြွရောက်လာသည့် ပင့်ဖိတ်ထားသည့်ပုဂ္ဂိုလ်များနှင့် အထူးဧည့်သည်တော်များထံ ပင့်ဖိတ်စာ ပို့ခြင်း။

၇။ ပင့်ဖိတ်ထားသည့် ပုဂ္ဂိုလ်အသီးသီးတွက် မှတ်ပုံတင်ကဒ်ပြား ပြုလုပ်ပေးခြင်း။

၈။ ဖြည့်ထားသည့်လျှောက်လွှာပုံစံမှ ပုဂ္ဂိုလ်အသီးသီး၏ မှတ်ပုံတင်စာရင်းများကို စုစည်းထားခြင်း။

၉။ ကြွရောက်လာသည့်ပုဂ္ဂိုလ်များကို စာရင်းပြု သိမ်းဆည်းထားခြင်း။

## ၁၁. ရန်ပုံငွေနှင့် ဘဏ္ဍာရေးမှူး ခန့်အပ်ခြင်း

အဖွဲ့ကြီး၏ရန်ပုံငွေကို ဒါနအလှူတော်များ၊အကျိုးအမြတ်များ၊ ဂေါပကအဖွဲ့ ရန်ပုံငွေများ၊ သေတမ်းစာများ၊ ထောက်ပံ့ကြေးများနှင့် အဖွဲ့ကြီး၏ အခြားအရင်းမြစ်များမှ ရရှိနိုင်ပါသည်။ ထိုရန်ပုံငွေသည်လည်း အဖွဲ့ကြီးက ဆုံးဖြတ်သော အခြားသော ကိစ္စများကဲ့သို့ အထွေထွေအစည်းအဝေးပွဲများတွင် အဖွဲ့ကြီးက ဆုံးဖြတ်သည့်အပေါ်မှာ မူတည်ပါသည်။

အပိုဒ်(၁၁.အေ)အောက်မှာ လက်ခံရရှိသော ငွေအားလုံးကို အဖွဲ့ကြီး၏ သင့်လျော်သော ဘဏ်အကောင့်၏ခရစ်ဒစ်ကို အစောဆုံးဖြစ်နိုင်သည့် နေ့မှာ မူရင်းငွေအတိုင်း ရင်းနှီးမြှုပ်နှံပါမည်။ လက်ခံရရှိသော ငွေပြေလွှာများကို ချက်ချင်း ထုတ်ပြန်ကြေငြာပါမည်။

ရန်ပုံငွေကို စီမံခန့်ခွဲရန် အဖွဲ့ဝင်များမှ ဘဏ္ဍာရေးမှူးတစ်ယောက်ကို အဖွဲ့ကြီးက ရွေးချယ်ပါမည်။ ၎င်းဘဏ္ဍာရေးမှူးရာထူး၏ အချိန်ကာလသည် ဥက္ကဋ္ဌနှင့် ဒု-ဥက္ကဋ္ဌတို့၏ သက်တမ်းကာလနှင့် အတူတူပင်ဖြစ်သည်။

## ၁၂. အကျိုးအမြတ်လက်မခံရသော အဖွဲ့ဝင်များ

ရရှိသည့်နေရာမှာ အဖွဲ့ကြီး၏ ဝင်ငွေနှင့် ပိုင်ဆိုင်မှုကို ဤစာတွင်ပေါ်ပြအပ်သော အဖွဲ့ကြီး၏ ရည်ရွယ်ချက်နှင့် ဦးတည်ချက်တို့ တိုးတက်ဖို့ရန်အတွက်သာ အသုံးပြုပါမည်။ ၎င်းငွေထဲမှ အမြတ်အစွန်းခွဲဝေပေးခြင်း၊ဘောက်ဆုချခြင်းဖြင့် တိုက်ရိုက်ဖြစ်စေ သွယ်ဝိုက်၍ဖြစ်စေ ဝေစုကို ခွဲဝေပေးမည်မဟုတ်ပါ။

သို့ရာတွင်ဤနေရာ၌ ရုံးဝန်ထမ်းကိုသော်လည်းကောင်း၊ သို့မဟုတ် အလုပ်သမားကိုသော်လည်းကောင်း၊ သို့မဟုတ် အဖွဲ့ဝင်ကိုသော်လည်းကောင်း သဘောရိုးဖြင့် ပေးခြင်းကို မည်သူကမှ မတားမြစ်ခဲ့လျှင် ဝေစုကို ခွဲဝေပေးပါမည်။

အဖွဲ့ကြီးအားပေးဆပ်ခဲ့သော ဝန်ဆောင်မှုအတွက်သော်လည်းကောင်း သို့မဟုတ် အဖွဲ့ဝင်တစ်ယောက်ယောက်က ခွင့်ပြုသော သင့်မြတ်သောဈေးနှုန်းရှိသောအိမ်ကို ငှါးရန်အတွက်သော်လည်းကောင်း ကျေးဇူးတုံ့ပြန်သောအားဖြင့် ဝေစုကို ခွဲဝေပေးပါမည်။

## ၁၃. ကောင်စီဖျက်သိမ်းခြင်းနှင့် အပိုပစ္စည်းများဆိုင်ရာ

အဖွဲ့ဝင်လေးယောက်အောက် လျော့နည်းသွားသည့်အခါ အဖွဲ့ကြီးကိုဖျက်သိမ်းနိုင်ပါသည် သို့မဟုတ် ရပ်စဲနိုင်ပါသည်။ အကယ်၍ အဖွဲ့ကြီး ရပ်စဲသွားပြီး အကြွေးများ လုပ်ငန်းတာဝန်များ ကင်းရှင်းပြီးနောက် အချို့အရာများကြွင်းကျန်နေခဲ့လျှင် အဖွဲ့ဝင်များကို အနည်းငယ်မျှ မျှဝေပေးမည်မဟုတ်။ သို့သော် လှူဒါန်းသင့်သော အဖွဲ့အစည်းတစ်ခုခုကိုသော်လည်းကောင်း သို့မဟုတ် ဦးတည်ချက်တူသော အဖွဲ့အစည်းများကိုသော်လည်း လှူဒါန်းမည် ဖြစ်ပါသည်။

## ၁၄. ဖွဲ့စည်းပုံအခြေခံစည်းမျဉ်း၏ ပြင်ဆင်ဖြည့်စွက်ချက် နှင့် ရှင်းလင်းချက်

ဖွဲ့စည်းပုံအခြေခံစည်းမျဉ်းကို လေးပုံ/သုံးပုံအောက်မနည်းသော လက်ရှိအဖွဲ့ဝင်များက အထူးဆုံးဖြတ်ချက်ဖြင့်သော်လည်းကောင်း သို့မဟုတ် ကိုယ်စားလှယ်ဖြင့် မဲခွဲ၍သော်လည်းကောင်း၊ သို့မဟုတ် ပြင်ဆင်ဖြည့်စွက်ချက်အတွက် ရေးသားထားသော ရက်သုံးဆယ်ထက် မစောသော ဖိတ်စာပို့ထားပြီးဖြစ်သော မည်သည့် အဖွဲ့အစည်းတွင်မဆို စာတိုက်မှ မဲပေးခြင်းဖြင့်သော်လည်းကောင်း ပြင်ဆင်ဖြည့်စွက်နိုင်ပါသည်။

အောက်ပါပုဂ္ဂိုလ်များက ၂၀၀၈-ခု၊ မေလ ၁၀-ရက်နေ့မှာ သဘောတူ လက်မှတ်ရေးထိုးခဲ့ကြပါသည်။

ဘင်္ဂလားဒေ့ရှ်

-----------------------------

ဘဒ္ဒန္တ ဒေါက်တာ ကလျာဏပိယ မထေရ်၊ ဘင်္ဂလားဒေ့ရှ် ဗုဒ္ဓဘာသာကျောင်းဆရာတော်။(ကိုယ်စားလှယ်)။

ကမ္ဘောဒီးယား

----------------------------------

ဘဒ္ဒန္တ ချန်ဆေဗင်။ ကမ္ဘောဒီးယားကျောင်း၊ ဗုဒ္ဓဂယာ။ (ကိုယ်စားလှယ်)။

အိန္ဒိယ

-------------------------------------

ဘဒ္ဒန္တ သာဒါနန္ဒ မထေရ်။ (ကိုယ်စားလှယ်)

ဘဒ္ဒန္တ ပိယပါလ ဘန္တေ၊ ချာက်မါ ကျောင်း၊ ဗုဒ္ဓဂယာ။ (ကိုယ်စားလှယ်)

ဘဒ္ဒန္တ ဇောန္ဓမ်၊ (လာအို ကိုယ်စားလှယ်)

မစ်စ် ဝန်မို ဒစ်ဆေ။ LBDFI (ကိုယ်စားလှယ်)

မြန်မာ

----------------------------------------

ဘဒ္ဒန္တ သုန္ဒရ။ မြေမြတ်မဟာကျောင်းထိုင်းဆရာတော်၊ ဗုဒ္ဓဂယာ (ကိုယ်စားလှယ်)

ထိုင်း

---------------------------------------

ဘဒ္ဒန္တ စန္ဒသိရီ။ အထွေထွေအတွင်းရေးမှူး၊ ဝတ်ထိုင်း၊ ဗုဒ္ဓဂယာ၊ (ကိုယ်စားလှယ်)

ဒေါက်တာ ဂျရန်း။ ဝတ်ထိုင်း မဂဓဝိပဿနာ၊ ဗုဒ္ဓဂယာ။ (ကိုယ်စားလှယ်)

## တရားသဘင် (ည- ၆း၀၀ မှ ၉း၀၀ အထိ)

ညတရားပွဲသဘင်သည် လူပုဂ္ဂိုလ်များနှင့် ရဟန်းသံဃာတော်များကို နာကြားရန် အခွင့်အရေးပေးသောအားဖြင့် ပိဋကသုံးပုံရွတ်ဖတ်ပူဇော်ပွဲအခမ်းအနား၏ အရေးပါသော အစီအစဉ်ဖြစ်လာခဲ့ပါသည်။ ထေရဝါဒနိုင်ငံများမှ

စာပေနှံ့စပ်သော ထင်ပေါ်ကျော်ကြားသော ဆရာတော်များက ဗောဓိပင်အောက်မှာ တရားတော်များကို ဟောကြားမည်ဖြစ်ပါသည်။ ၄င်းတရားတော်များကို တရားနာပရိတ်သတ်များ နားဆင်နိုင်ရန် အင်္ဂလိပ်ဘာသာ၊ ဟိန္ဒီဘာသာ (၂)ဘာသာဖြင့် ဘာသာပြန်ပေးမည်ဖြစ်ပါသည်။

**တရားဟောကြားမည့်ပုဂ္ဂိုလ်များ၏ ကိုယ်ရေးအကျဉ်း** (ဖြည့်ရန်)

ဆက်သွယ်ရန်

အပြည်ပြည်ဆိုင်ရာ တိပိဋကရွတ်ဖတ်ပူဇော်ရေးအဖွဲ့

ရှေ့နာမည်---------------------------------------------

နောက်နာမည်-----------------------------------------

လိပ်စာ-------------------------------------------------

အီးမေး-------------------------------------------------

နိုင်ငံ----------------------------------------------------

စုံစမ်းရန်ဌာန--------------------------------------------

ဆက်လက်ဆောင်ရွက်မည့် အဖွဲ့လုပ်ဆောင်ချက်များကို ကျွန်ုပ်အား ကျေးဇူးပြု၍ အသိပေးပါရန်။

## ငွေကြေးအထောက်အပံ့

လိုအပ်သောငွေကို ကူညီထုတ်ပေးဖို့ရန် အထောက်အပံ့ပေးခြင်းကိုလည်းကောင်း၊ အခမ်းအနားအတွက်အကူအညီပေးခြင်းကိုလည်းကောင်း အမြဲတမ်း ကြိုဆိုနေပါသည်။ အကယ်၍ အခမ်းအနား၏ အခန်းကဏ္ဍတစ်ခုခုကို ထောက်ပံ့လှူဒါန်းလိုပါက ကျေးဇူးပြု၍ အထောက်အပံ့အတွက် အကြံဉာဏ်နှင့်တကွ ကျွန်ုပ်တို့၏ အဖွဲ့ကြီးဆီထံ စာရေးပါ။ ထောက်ပံ့ရေးကော်မတီထံ စာရေးသည့်အခါ chantingcouncil@gmail.com သို့ ဆက်သွယ်နိုင်ပါသည်။

သင်၏အလှူဒါနကို ရဟန်းသံဃာများရှေ့မှောက်တွင် အသိအမှတ်ပြု ဖော်ပြပါမည်။ အဖွဲ့အစည်းနာမည်ကိုသော်လည်းကောင်း သို့မဟုတ် မိသားစုနာမည်ကိုသော်လည်းကောင်း ဂုဏ်ပြုနိုင်ရန် ကျေးဇူးပြု၍ ဖော်ပြပေးပါ။

## စေတနာ့ဝန်ထမ်း

အကယ်၍ အခမ်းအနားအတွက် တစ်ထောင့်တစ်နေရာမှ ပါဝင်ကူညီမည်ဆိုပါက လေးစားစွာ အသိအမှတ်ပြု ကျေးဇူးတင်ပါမည်။ ရဟန်းသံဃာတော်များကို အလုပ်အကျွေးပြုစုလိုသည့် စေတနာ့ဝန်ထမ်းများက ကျွန်ုပ်တို့အဖွဲ့ကြီးကို လုံးဝ ထောက်ပံ့နေခြင်း ဖြစ်ပါသည်။

အကယ်၍ အောက်ပါတို့မှ တစ်ခုခုကို အကူအညီပေးလိုပါက အထက်ပါဖောင်ပုံစံဖြင့် ကျေးဇူးပြု၍ အသိပေးပါ။

၁။ စားရေးသောက်တာအဖွဲ့

၂။ မှတ်ပုံတင်အဖွဲ့

၃။ လက်ဘက်ရည်၊ကော်ဖီ ဝန်ဆောင်အဖွဲ့

၄။ ချက်ပြုတ်ရေးအဖွဲ့

၅။ ဆေးအဖွဲ့

၆။ ဒေသအစားအစာလှူဒါန်းရေးအဖွဲ့

၇။ အထွေထွေသတင်းဌာနအဖွဲ့

ကျေးဇူးတင်ပါသည်။

## နိူးဆော်သူ (နိဗ္ဗာန်ဆော်)

**နှစ်ပတ်လည် တိပိဋကရွတ်ဖတ်ပွဲအခမ်းအနား နိူးဆော်ရေးအဖွဲ့**

အပြည်ပြည်ဆိုင်ရာ တိပိဋကရွတ်ဖတ်ပူဇော်ရေးအဖွဲ့ကြီး၏ အခြေခံလုပ်ငန်းတာဝန်သည် နှစ်စဉ်ရွတ်ဖတ်ပူဇော်ပွဲအခမ်းအနားအတွက် ကိုယ်ထည်ကိုချုပ်ကိုင်သောအားဖြင့် လှုပ်ရှားရန်ဖြစ်ပါသည်။ ပုံမှန်အားဖြင့် အဖွဲ့ကြီးမှာ အခမ်းအနား၏အောက်ပါအချက်အလက်များအတွက် တိုက်ရိုက်တာဝန်ရှိပါသည်။

၁။ အခမ်းအနားမှာ ရွတ်ဖတ်ပူဇော်ဖို့အတွက် ကျမ်းစာမူကို ရွေးချယ်ခြင်း

၂။ အခမ်းအနားအတွက် ထောက်ပံ့လှူဒါန်းမှုများကို ထောက်ခံပေးခြင်းနှင့် ပါဝင်ကူညီပေးခြင်း။

၃။ အခမ်းအနားအတွက် ကြော်ငြာပေးခြင်း

၄။ အခမ်းအနားဖွင့်ပွဲနှင့်ပိတ်ပွဲကို အထွေထွေစီမံခန့်ခွဲပေးခြင်း။

၅။ အခမ်းအနားကို စည်းကားအောင် လုပ်ဆောင်ပေးခြင်း

နှစ်စဉ် ၂-နှစ်တိုင်း အခမ်းအနားကို နှီးဆော်ရန် အခြားတစ်နိုင်ငံအဖွဲ့ကို တောင်းဆိုသွားပြီး လုပ်ငန်းတာဝန်ကို ဆက်လက်လုပ်ဆောင်သွားရန် နှီးဆော်ရေးကော်မတီအဖွဲ့ ဖွဲ့စည်းသွားပါမည်။ နေ့စဉ်လည်ပတ်နေသော ခရီးသွားလာရေး၊ နေရာထိုင်ခင်းနှင့် အစားသောက်ကို စီမံခန့်ခွဲပေးခြင်း၊ မှတ်ပုံတင်ခြင်းနှင့် အခမ်းအနားဖွင့်ပွဲ ပိတ်ပွဲတာဝန်များကို စီမံဆောင်ရွက်ပေးခြင်းကဲ့သို့သော အသေးစိပ်တာဝန်များသည် အဖွဲ့ကြီး၏ညွှန်ကြားမှုအောက်ရှိ နှီးဆော်ရေးကော်မတီ၏ တိုက်ရိုက်တာဝန်များ ဖြစ်သည်။

၂၀၁၀နှင့် ၂၀၁၁-ခုနှစ်အတွက် လာအိုနှင့် ဘင်္ဂလားဒေ့ရှ်သံဃာတော်များက အခမ်းအနား၏ နှီးဆော်သူအကြီးအကဲများဖြစ်ကြသည်။

## တိပိဋကရွတ်ဖတ်ပူဇော်ပွဲ အစီအစဉ်

ခြောက်နှစ်မြောက် တိပိဋကရွတ်ဖတ်ပူဇော်ပွဲအခန်းအနားကို ၂၀၁၀-ခုနှစ်၊ ဒီဇင်ဘာလ ၂-ရက်နေ့မှ ၁၂-ရက်နေ့အထိ ကျင်းပသွားပါမည်။

သံဃာတော်များသည် မဇ္ဈိမနိကာယမှစ၍ ပိဋကသုံးပုံကို ရွတ်ဖတ်ပူဇော်ပါလိမ့်မည်။

လုပ်ဆောင်မည့် အစီအစဉ်သည် အောက်ပါအတိုင်းဖြစ်ပါသည်။

| | |
|---|---|
| နံနက် ၆း၀၀ -မှ- ၆း၄၅ အထိ | နံနက်စာ (ကလာချာကရ အောက်ထပ် ) |
| နံနက် ၇း၀၀ -မှ- ၉း၀၀ အထိ | ရွတ်ဖတ်ပူဇော် |
| နံနက် ၉း၀၀ -မှ- ၉း၁၅ အထိ | ရပ်နား |
| နံနက် ၉း၁၅ -မှ- ၁၁း၀၀ အထိ | ရွတ်ဖတ်ပူဇော် |
| နံနက် ၁၁း၀၀ -မှ- နေ့လည် ၁း၀၀ အထိ | နေ့လည်စာ (ကလာချာကရ အောက်ထပ်) |
| နေ့လည် ၁း၃၀ -မှ- ၃း၃၀ အထိ | ရွတ်ဖတ်ပူဇော် |
| နေ့လည် ၃း၃၀ -မှ- ၃း၄၅ အထိ | ရပ်နား |
| နေ့လည် ၃း၄၅ -မှ- ၅း၀၀ အထိ | ရွတ်ဖတ်ပူဇော် |

ညနေ ၆း၀၀ -မှ- ၉း၀၀ အထိ တရားပွဲ (ဇောဓိပင်အောက်)

ည ၉း၀၀ -မှ- နံနက် ၄း၀၀ အထိ ကျောင်းတော်ကြီးတွင် ကြွရောက်လာသော လူဦးရေ (၈၀)အတွက် ညလုံးပေါက်တရားစခန်း။

## ကြွရောက်လာကြသူများအတွက် အထွေထွေသတင်းအချက်အလက်

### ဘုရားဖူးထွက်ခြင်း

အခြားသော အစီအစဉ်တစ်ခုမှာ အခန်းအနားပြီးဆုံးသောနောက်ဆုံးနေ့တွင် ဘုရားဖူးခြင်းဖြစ်ပါသည်။

### နေရာထိုင်ခင်းနှင့် အစားအသောက်

ကြိုတင်စာရင်းသွင်းထားပြီးသော သံဃာတော်များအတွက် နိုးဆော်ရေးကော်မတီက နေရာထိုင်ခင်း စီစဉ်ပေးပါလိမ့်မည်။ စာရင်းသွင်းထားပြီးသောသံဃာတော်များအတွက်သာ နေရာထိုင်ခင်းစီမံထားသည့်အတွက် မှတ်ပုံတင်ရုံးသို့ ကြိုင်တင်အကြောင်းကြားပါရန် အသိပေးအပ်ပါသည်။

အခမ်းအနားကာလအတွင်း အစားအသောက်နှင့် နေရာထိုင်ခင်းကို ခွင့်ပြုခြင်းနှင့် အိန္ဒိယအတွင်း ခရီးသွားခြင်းကို ကြိုတင်လုပ်လေ့ရှိသော မှတ်ပုံတင်နံပါတ်ကို ရဟန်းတော်များ လက်ခံရရှိပါလိမ့်မည်။ အသေးစိပ်အချက်အလက်ကို ဗုဒ္ဓဂယာရှိ မှတ်ပုံတင်နှင့်ပြန်ကြားရေးရုံးမှာ ကြည့်နိုင်ပါသည်။ ကလာချာကရ အောက်ထပ်မှာရှိသော စားသောက်ခန်းမှာ အစားအသောက်များကို လှူဒါန်းပါမည်။

### ခရီးစရိတ်အတွက် ငွေထုတ်ရန်ဌာန

LBFI အဖွဲ့ကြီးက ခြောက်ကြိမ်မြောက် တိပိဋကရွတ်ဖတ်ပူဇော်ပွဲကြီးသို့ကြွရောက်လာကြသော စာရင်းလက်ခံရရှိထားသော သံဃာတော်များကို ခရီးစရိတ်အတွက် ပံ့ပိုးပါလိမ့်မည်။ စာရင်းလက်ခံရရှိထားပြီးသောပုဂ္ဂိုလ်များကို ခရီးသွားလာရေးအတွက် စီမံပေးသောပုဂ္ဂိုလ်၏ သတင်းအချက်အလက်အသေးစိပ်နှင့်တကွ မှတ်ပုံတင်နံပါတ် ထုတ်ပေးပါမည်။ တိပိဋကရွတ်ဖတ်ပူဇော်ပွဲအဖွဲ့၏ အဖွဲ့ဝင် နိုင်ငံတကာသံဃာတော်များအတွက် လေယာဉ်လက်မှတ်ကို အဖွဲ့ကြီးက လှူဒါန်းမည်ဖြစ်သည်။

### ဗုဒ္ဓဂယာကျန်းမာရေးဝန်ဆောင်အဖွဲ့

ဂယာမြို့မှ ဆရာဝန်များက လိုအပ်ပါက ဆေးစစ်ဆေးပေးပါမည်။ လိုအပ်သည့်ဆေးများကို ပေးလှူသော ဆေးခန်းများလည်း ရှိပါသည်။ (သင်၏ဆေးညွှန်းစာ ပါရှိရမည်)။ ဂယာမြို့ထဲမှာလည်း အမျိုးမျိုးသော ဓာတ်ကြမ်းကုဆရာဝန်များ၊ အာယုဝေဒကုဆရာဝန်များ ရှိပါသေးသည်။ ဂယာဆေးရုံးသည်လည်း အရေးပေါ်လိုအပ်ပါက ဗုဒ္ဓဂယာမြေမြတ်မဟာမှ ၁၂-ကီလိုမီတာပဲ ဝေးပါသည်။ သကျမုနိဗုဒ္ဓ ကွန်မျူနစ်တီ ဟဲလ်သ် ကဲယားစင်တာသည်လည်း ခရီးသွားများအတွက် တစ်ပတ်တစ်ခါ ဖွင့်နေပါသည်။

## မှတ်ပုံတင်ဖောင်ပုံစံ

(ဒေါင်းလုဒ်အတွက် ညာကလစ်တောက်)

အခမ်းအနားကို ပါဝင်ဆင်နွှဲလိုပါက မှတ်ပုံတင်ဖောင်ပုံစံကို ဒေါင်းလုဒ်ယူ၊ ပရင့်ထုတ်၊ ဖောင်ဖြည့်ပြီး အောက်ပါလိပ်စာအတိုင်း ပြန်လည်ပို့ပေးပါရန်..။

**လိပ်စာ-**

P.O. Box  44 Bodhgaya, Dist.Gaya, 824231 India

Phone: 91 - 631 - 2200470

Fax: 91 - 631 - 2200470

Email chantingcouncil@gmail.com

နေရာထိုင်ခင်းနှင့် အစားအသောက်အတွက် လိုအပ်သည့်အစီအစဉ်များ စီမံခန့်ခွဲနိုင်ရန် ရဟန်းတော်များအားလုံး နိဝင်ဘာလအမီ မှတ်ပုံတင်လျှောက်လွှာပုံစံများကို အထက်ပါလိပ်စာအတိုင်း အရောက်ပို့ပေးနိုင်မည်ဆိုပါက တပည့်တော်များအဖွဲ့က အားရကျေနပ်မည်ဖြစ်ပါကြောင်း လျှောက်ထားအပ်ပါသည်ဘုရား..။